**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ( ၄၈ /၂၀၂၁ )**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အိမ်စောင့်အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဆိုသည်။

( ခ ) **ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်း**ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသောရေရရှိရေး နည်းလမ်းတစ်ခုခုဖြင့် ပြည်သူလူထုသို့ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက်ဆောင်ရွက်ပေးခြင်း၊ လက်ရှိဆောင်ရွက်ထားရှိသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများအား အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းကို ဆိုသည်။

( ဂ ) **ကျေးရွာသောက်သုံးရေရရှိရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာကျေးရွာတွင် သောက်သုံး ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊ စဉ်ဆက်မပြတ် ပုံမှန်လည်ပတ်နိုင်စေရန်နှင့်ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ရန် ကျေးရွာလူထုမှ ရွေးချယ်ထားသော ပုဂ္ဂိုလ်များပါဝင်သည့် ကော်မတီကို ဆိုသည်။

(ဃ) **ကုမ္ပဏီ**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင် ထားသည့်ကုမ္ပဏီ သို့မဟုတ် ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် တည်ဆဲကုမ္ပဏီတစ်ခုခုကို ဆိုသည်။

( င ) **အိမ်သုံးဆိုလာစနစ်**ဆိုသည်မှာ နေရောင်ခြည်စွမ်းအင် အသုံးပြုသည့် တစ်အိမ်ထောင်သုံး မီးလင်းရေးစနစ်ကို ဆိုသည်။

( စ ) **အသေးစားဓာတ်အားစနစ်**ဆိုသည်မှာ ကျေးရွာတစ်ရွာတည်းဖြစ်စေ၊ ကျေးရွာအစု အဖွဲ့လိုက်ဖြစ်စေ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ရင်းမြစ်တစ်မျိုး သို့မဟုတ် အရံဒီဇယ်အင်ဂျင်စနစ် သို့မဟုတ် ယင်းစွမ်းအင်နှစ်မျိုး

ပေါင်းစပ်သည့် နည်းစနစ်တစ်မျိုးမျိုးကို အသုံးပြု၍ တပ်ဆင်စွမ်းအား တစ်မဂ္ဂါဝပ် အထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသော စနစ်ကို ဆိုသည်။

(ဆ) **ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ**ဆိုသည်မှာ ဤနည်းဥပဒေများအရ ဖွဲ့စည်းထားသည့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို ဆိုသည်။

(ဇ) **ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ဆောင်ရွက်လိုသူ သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိလိုသူ**ဆိုသည်မှာ အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားစနစ်တို့ဖြင့် ဆောင်ရွက်သည့် မီးလင်းရေးလုပ်ငန်းများအတွက် လျှပ်စစ်ဆိုင်ရာအဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများဖြင့် လုပ်ငန်းလည်ပတ်ခြင်းအပါအဝင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများအားလုံးကို စီမံဆောင်ရွက်လိုသည့် သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသူ လူပုဂ္ဂိုလ်တစ်ဦးဦး၊ နိုင်ငံအတွင်းမှတ်ပုံတင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီကိုဆိုသည်။

(ဈ) **ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့အစည်း**ဆိုသည်မှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဥပဒေနှင့် ဤနည်းဥပဒေများအရ ကျေးရွာအဆင့်တွင် ဖွဲ့စည်းထားသော ကျေးလက်ဒေသနေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျွမ်းကျင်သူများပါဝင်သည့် လုပ်ငန်းအဖွဲ့ သို့မဟုတ် အထောက်အကူပြုလုပ်ငန်းအဖွဲ့ သို့မဟုတ် ကော်မတီ၊ ဆပ်ကော်မတီကို ဆိုသည်။

## အခန်း(၂)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

၃။ ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာရွေးချယ်နိုင်ရေးအတွက် ကျေးရွာရွေးချယ်ရေးမူများကို သတ်မှတ်ထုတ်ပြန်ပေးရမည်။

၄။ မြို့နယ်ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ ရွေးချယ်ရာတွင် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာမြို့နယ်အဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများဖြင့် ကျေးရွာရွေးချယ်ရေးမူများနှင့်အညီ ဦးစားပေးအချက်များအပေါ် မူတည်၍ စိစစ်ရွေးချယ်ပြီး ကြီးကြပ်မှုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ဦးစီးဌာနသည်–

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကို ကျေးရွာရှိ အိမ်ထောင်စု အရေအတွက်အပေါ် မူတည်၍ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် မြို့နယ်ဦးစီးဌာနက ရွေးချယ်

တင်ပြသည့် အဖွဲ့ဝင်ဦးရေ ခုနစ် ဦး အောက်မနည်း ၁၁ ဦးထက် မပိုစေဘဲ မဂဏန်းဖြင့် နည်းဥပဒေ ၁၀၀ နှင့်အညီ ဖွဲ့စည်းရမည်။

( ခ ) နည်းဥပဒေခွဲ(က)အရဖွဲ့စည်းသော လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မြို့နယ်ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၈။ မြို့နယ်ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများကိုအကောင်အထည်ဖော်ရာတွင်-

(က) ကျေးရွာများကတင်ပြလာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြေပြင်အခြေအနေနှင့် ကိုက်ညီမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး၍ သက်ဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး လိုအပ်ပါက ဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

( ခ ) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရန် အတည်ပြုပြီး ဖြစ်သော်လည်း ရန်ပုံငွေသုံးစွဲမှု မရှိသေးသည့်ကျေးရွာသည် စီမံကိန်းအပေါ် စိတ်ဝင်စားမှုမရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းနှင့် စည်းလုံးညီညွတ်မှုမရှိခြင်းများ ပေါ်ပေါက်ပါက သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်ဖြင့် စီမံကိန်းရပ်သိမ်းခြင်း သို့မဟုတ် စီမံကိန်းကျေးရွာ ပြောင်းလဲခြင်း ဆောင်ရွက်သင့်ကြောင်း ဦးစီးဌာနသို့ တင်ပြရမည်။

၉။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်စာအုပ်ကို သတ်မှတ်ကာလအတွင်း အပြီးရေးသားရမည်။

၁၀။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်စာအုပ်ကို ကိုးကားဆွေးနွေးရမည်။ ထို့ပြင် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ယင်းစီမံချက်ကို လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုရမည်။

၁၁။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း၊ ငွေကြေးကိုင်တွယ်အသုံးပြုခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် အစီရင်ခံခြင်းအစရှိသည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ရန်လုပ်ငန်းအဖွဲ့ဝင်များထဲမှ သင့်လျော်သူများကိုတာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

၁၂။ ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက နည်းပညာနှင့် သင်တန်းများ ကူညီဆောင်ရွက်ပေးရမည်။

## အခန်း(၃)

## အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများဖော်ဆောင်ရာတွင် ကူညီပံ့ပိုးခြင်း

၁၃။ ဦးစီးဌာနသည် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိကာ မိသားစုဝင်ငွေတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို အောက်ပါအချက်များ ထည့်သွင်းစဉ်းစား၍ ဖွင့်လှစ်ပို့ချပေးရမည်-

(က) ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းပေါ်များသည့် အသက်မွေးပညာဖြစ်ခြင်း၊

( ခ ) သင်ကြားရာတွင် လုပ်ငန်းခွင်၌ လက်တွေ့အသုံးချနိုင်သည်အထိ သင်တန်းပို့ချပေးခြင်း။

၁၄။ ဦးစီးဌာနသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ကျေးလက်ဒေသနေပြည်သူများ၏ တစ်နိုင်တစ်ပိုင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများ ဖော်ဆောင်ရာတွင် အောက်ပါအတိုင်း ကူညီပံ့ပိုးပေးရမည်-

(က) လုပ်ငန်းအလိုက် အစုအဖွဲ့ဖွဲ့စည်းစေ၍ လိုအပ်သော နည်းပညာပေးရေး၊ ငွေကြေးအရင်းအနှီးရရှိစေရေးနှင့် ရေရှည်ခိုင်မာသော ဈေးကွက်ရရှိစေရေးအတွက် အစီအစဉ်များ ချမှတ်ပေးခြင်း၊

( ခ ) လုပ်ငန်းအစုအဖွဲ့အလိုက် တစ်ဦးချင်းတာဝန်ခွဲဝေ သတ်မှတ်စေခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်းဇယားများ ပြုစုထိန်းသိမ်းမှု သင်တန်းများပို့ချခြင်း၊ လုပ်ငန်းထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေး ကြီးကြပ်အကြံပြု ဆွေးနွေးခြင်း။

၁၅။ ဦးစီးဌာနသည် တစ်နိုင်တစ်ပိုင် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်ဘဏ္ဍာငွေ တင်ပြတောင်းခံနိုင်ရန် တွက်ချက်တင်ပြခြင်း၊ လိုအပ်သော နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ဆိုင်ရာကူညီပံ့ပိုးမှုများရရှိရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုနိုင်သည်။

၁၆။ ဦးစီးဌာနသည် ဖွင့်လှစ်ခွင့်ရရှိပြီးသော သင်တန်းများအပေါ် အခက်အခဲပေါ်ပေါက်လာပါက သင်တန်းအမျိုးအစား ပြောင်းလဲဖွင့်လှစ်ခြင်း သို့မဟုတ် ဒေသပြောင်းရွှေ့ ဖွင့်လှစ်ခြင်းများကို စိစစ်ခွင့်ပြုနိုင်သည်။

၁၇။ ဦးစီးဌာနသည် အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများသို့ တက်ရောက်သည့် သင်တန်းသားများအတွက် ခရီးစရိတ်၊ ကျွေးမွေးစရိတ် နှုန်းထားနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း(၄)

## ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များဖော်ဆောင်ပေးခြင်း

၁၈။ ဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများအား ဥပဒေပုဒ်မ ၁၀ ပါ တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်းများဆောင်ရွက်ရမည်။

၁၉။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၁၁ ပါ ကျေးလက်ဒေသနေပြည်သူများ၏ ရပိုင်ခွင့်များရရှိ နိုင်စေရန် အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ဥပဒေ၊ နည်းဥပဒေများနှင့် စီမံကိန်းလုပ်ငန်းများကို ကျေးလက်ဒေသနေပြည်သူများ စိတ်ပါဝင်စားစေရန်နှင့် ကောင်းစွာသိရှိနိုင်စေရန် လက်ကမ်းစာစောင်၊ ဒီဂျစ်တယ်မီဒီယာ၊ ရုပ်ပြစာအုပ်၊ ဗီနိုင်းကြော်ငြာစသည်တို့ ဖြန့်ဝေခြင်း၊ ဟောပြောပွဲများ ကျင်းပပေးခြင်း၊

(ခ) ကျေးလက်ဒေသနေပြည်သူများ၏ မတူညီသော အယူအဆ၊ အမြင်၊ ခံယူချက်များ ရှိပါက ပွင့်လင်းစွာဆွေးနွေးနိုင်ရန် ဖန်တီးပေးပြီး မှန်ကန်သောအဖြေကို ဖော်ထုတ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသနေပြည်သူများတက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန် စီစဉ်ပေးခြင်း၊

(ဃ) ကျေးလက်ဒေသနေပြည်သူများအနေဖြင့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသာမက ခေတ်နှင့်အညီ လုပ်ငန်းသစ်များ တီထွင်ဆောင်ရွက်နိုင်စေရန်နှင့်လူနေမှုဘဝမြင့်မားစွာ နေထိုင်တတ်စေရန် ကူညီပံ့ပိုးပေးခြင်း၊

(င) ကျေးလက်ဒေသနေပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ချေးငွေတစ်ရပ်ရပ်ကို ရယူသုံးစွဲသည့်အခါ မိသားစုဝင်ငွေတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်တတ်စေရန် အသိပညာပေးခြင်းနှင့်ထိန်းညှိပေးခြင်း။

## အခန်း(၅)
## ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်း

၂၀။ ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းကို ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်း ပြည်ပအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကများ၏ အကူအညီများ၊ လှူဒါန်းငွေနှင့် ချေးငွေများ၊ နည်းပညာအကူအညီများ၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများ၊ လုပ်ငန်းဆောင်ရွက်လိုသူတို့၏ ရင်းနှီးမြှုပ်နှံငွေများဖြင့် ဆောင်ရွက်နိုင်သည်။

၂၁။ ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ ကို အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ ပံ့ပိုးမှု၊ ပူးပေါင်းကူညီမှုဖြင့် ကောက်ယူစုဆောင်းရမည်။

၂၂။ ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေရရှိနိုင်စေရန် လိုအပ်သည့် ရေသန့်စင်စနစ် ထည့်သွင်းဆောင်ရွက် ရေးအတွက် ဦးစားပေးအစီအစဉ် ရေးဆွဲဆောင်ရွက်ရမည်။

၂၃။ ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးလုပ်ငန်းအတွက် လိုအပ်သည့် ရေအရင်း အမြစ်သည် တည်ဆဲဥပဒေအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိပါက ထိုရေထုတ်ယူသုံးစွဲမှုကို သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက် သို့မဟုတ် သဘောထား မှတ်ချက်ရယူ ဆောင်ရွက်ရမည်။

၂၄။ ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းများကို မိလ္လာကန်၊ အိမ်သာ အညစ်အကြေး၊ တိရိစ္ဆာန်အညစ်အကြေး၊ အမှိုက်နှင့်ရေကို ညစ်ညမ်းမှုဖြစ်စေသော ဓာတ်သတ္တုများ စွန့်ပစ်ထားသည့် နေရာတို့၏ အနီးဝန်းကျင်တွင် မပြုလုပ်စေရန် စီမံဆောင်ရွက်ရမည်။

၂၅။ ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအား လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်သည်-

(က) သောက်သုံးရေပေးရေးပုဂ္ဂလိကလုပ်ငန်းရှင်၊

( ခ ) တင်ဒါရရှိသူလုပ်ငန်းရှင်၊

( ဂ ) ကျေးရွာသောက်သုံးရေရရှိရေးကော်မတီ၊

(ဃ) မြို့နယ်ဦးစီးဌာန။

၂၆။ မြို့နယ်ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာ ရွေးချယ်ရာ၌ သောက်သုံးရေလိုအပ်ပြီး အကျိုးရှိစွာသုံးစွဲမည့် ကျေးရွာ၊ လုပ်ငန်းဆောင်ရွက်ရန် မြေ နေရာပေးနိုင်သောကျေးရွာ၊ လုပ်ငန်းရေရှည်တည်တံ့စေရန် လည်ပတ်ထိန်းသိမ်းနိုင်မည့် ကျေးရွာ များကို ဦးစားပေးရွေးချယ်၍ လုပ်ငန်းလျာထားရမည်။

၂၇။ မြို့နယ်ဦးစီးဌာနသည် –

(က) ကျေးရွာသောက်သုံးရေ ရရှိရေးကော်မတီဝင်ကို ကျေးရွာပြည်သူလူထု၏ ဆန္ဒဖြင့် ရွေးချယ်ရမည်။

(ခ) ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင် ငါးဦးအောက်မနည်း မဂဏန်းဖြင့် ဖွဲ့စည်း ရမည်။

(ဂ) အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် နည်းဥပဒေ ၁၀၀ နှင့်ကိုက်ညီသူများ ဖြစ်စေရမည့်ပြင် လူငယ်များလည်း ပါဝင်စေရမည်။

(ဃ) ရွေးချယ်ဖွဲ့စည်းထားသောကော်မတီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၂၈။ ကျေးရွာသောက်သုံးရေရရှိရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်–

(က) ရေအရင်းအမြစ်၊ ရေသွယ်တန်းပေးခြင်း၊ လုပ်ငန်းလည်ပတ်ကုန်ကျစရိတ်၊ တစ်ယူနစ် ကောက်ခံမည့် ရေဖိုးရေခတို့ပါဝင်သော လုပ်ငန်းအစီအစဉ်များကို မြို့နယ်ဦးစီးဌာန၏ အကူအညီရယူရေးဆွဲရန်၊

(ခ) ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ ဒီဇိုင်း၊ တစ်ယူနစ်ကုန်ကျစရိတ်၊ တစ်ယူနစ် ကောက်ခံမည့် ရေဖိုးရေခများကို ပြည်သူလူထုသို့ ချပြရှင်းလင်း၍ ရေသုံးစွဲမည့်သူများ၏ သဘောတူညီမှုရယူရန်၊

(ဂ) ရေဖိုးရေခကောက်ခံရာတွင် အိမ်သွယ်ရေတိုင်စနစ်အသုံးပြုသော ကျေးရွာများတွင် ယူနစ်နှုန်းဖြင့်လည်းကောင်း၊ အိမ်သွယ်ရေတိုင်စနစ်မရှိသော ကျေးရွာများတွင် ဒေသ အခြေ အနေပေါ်တွင် မူတည်၍လည်းကောင်း နည်းဥပဒေ ၃၂ နှင့်အညီ ကောက်ခံရန်၊

(ဃ) ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးလုပ်ငန်းကို ကျေးရွာသောက်သုံးရေရရှိရေး ကော်မတီက တာဝန်ယူဆောင်ရွက်ပါက ရေရောင်းချ ရငွေ၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက် ကုန်ကျငွေနှင့် အခြားအသုံးစရိတ်စာရင်းများကို ကျေးရွာလူထုသို့ သုံးလတစ်ကြိမ်ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းရန်၊ အများမြင်သာသည့် နေရာတွင် ကပ်ထားကြေညာရန်နှင့် ကော်မတီ၏ ဆုံးဖြတ်ချက်များကို မြို့နယ်ဦးစီးဌာနသို့ ဆက်လက်တင်ပြရန်၊

(င) ဦးစီးဌာနကထုတ်ပြန်ထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် အကာ အကွယ်ဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

( စ ) ကျေးရွာသောက်သုံးရေရရှိရေးလုပ်ငန်း ပုံမှန်လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရန်။

၂၉။ ကျေးရွာသောက်သုံးရေပေးရေး ပုဂ္ဂလိကလုပ်ငန်း ဆောင်ရွက်လိုသူသည် လုပ်ငန်းဆောင်ရွက်လိုကြောင်း အဆိုပြုလွှာကို ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီတင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ လုပ်ငန်း စတင်ဆောင်ရွက်ရမည်။

၃၀။ ဦးစီးဌာနသည် ကျေးရွာသောက်သုံးရေပေးရေး ပုဂ္ဂလိကလုပ်ငန်းများကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရမည်-

(က) နည်းဥပဒေ၂၃ ၊ ၂၄ တို့နှင့်အညီ လိုအပ်သည်တို့ကို ဆောင်ရွက်ခြင်း ရှိ မရှိ၊

( ခ ) ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လမ်းပုခုံး၊ ရေမြောင်း၊ လျှပ်စစ်မီးတိုင်၊ အိမ်ခြံစည်းရိုးများ အစရှိသည်တို့ကို ထိခိုက်မှု ရှိ မရှိ၊

( ဂ ) ရေသန့်စင်စနစ်တွင်အသုံးပြုသည့် ဓာတုပစ္စည်းများ၊ စက်ကိရိယာများ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၏ သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်မှုရှိကြောင်း အထောက်အထား တင်ပြခြင်း ရှိ မရှိ၊

(ဃ) သောက်သုံးရေပေးရေးလုပ်ငန်း၏ ရေအရည်အသွေးစစ်ဆေးချက်များကို ဦးစီးဌာနသို့ တင်ပြ ခွင့်ပြုချက် ရယူထားခြင်း ရှိ မရှိ။

၃၁။ ဦးစီးဌာနသည် ကျေးရွာသောက်သုံးရေပေးရေးပုဂ္ဂလိကလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက် နေစဉ်အတွင်း ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိပါက ပြန်လည်ပြုပြင်စေခြင်း၊ ဆက်လက်လုပ်ကိုင်ခွင့် ရပ်သိမ်းစေခြင်းများ ဆောင်ရွက်နိုင်သည်။

၃၂။ ကျေးရွာသောက်သုံးရေပေးရေး ပုဂ္ဂလိကလုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူသည် ရေဖိုးရေခကို မြို့နယ်ဦးစီးဌာန၊ ကျေးရွာသောက်သုံးရေ ရရှိရေးကော်မတီ၊ ရေသုံးစွဲသူပြည်သူများနှင့် ညှိနှိုင်း သတ်မှတ်ရမည်။ ထိုသို့ သတ်မှတ်ရာတွင် အောက်ပါအချက်များကို လိုက်နာရမည်-

(က) လုပ်ငန်းဆောင်ရွက်သူ၏ ရင်းနှီးမြှုပ်နှံငွေနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ကာလ၊ အရင်း ပြန်လည်ရရှိနိုင်မည့်ကာလအပေါ် မူတည်တွက်ချက်ပြီး လစဉ်ရေဖိုးရေခကို သတ်မှတ် ကောက်ခံခြင်း ၊

( ခ ) ရေဖိုးရေခကောက်ခံရာတွင် ဦးစီးဌာန၏ ခွင့်ပြုချက်တို့ရရှိပြီးသော နှုန်းထားကို အတည်ပြု ထုတ်ပြန်ခြင်း ၊

( ဂ ) အကြောင်းအမျိုးမျိုးကြောင့် လစဉ်ရေဖိုးရေခနှုန်းထား ပြင်ဆင်လိုပါက မြို့နယ်ဦးစီး ဌာနသို့တင်ပြရန်၊ မြို့နယ်ဦးစီးဌာနသည် ရေသုံးစွဲသူပြည်သူများ၊ ကျေးရွာသောက်သုံး ရေရရှိရေးကော်မတီနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရသူတို့နှင့် တွေ့ဆုံညှိနှိုင်းပြီး ဆုံးဖြတ်ချက် ချမှတ်ပေးရန်၊ ယင်းဆုံးဖြတ်ချက်ကို လုပ်ငန်းဆောင်ရွက်ခွင့်ရသူက အများမြင်သာသည့် နေရာတွင် ကပ်ထားကြေညာခြင်း။

၃၃။ ဥပဒေမပြဋ္ဌာန်းမီက စတင်ဆောင်ရွက်ခဲ့သည့် ကျေးရွာသောက်သုံးရေပေးရေးပုဂ္ဂလိကလုပ်ငန်း ဆောင်ရွက်နေဆဲရှိပါက လုပ်ငန်းဆောင်ရွက်လျက်ရှိသူသည် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရရှိရေးအတွက် ဦးစီးဌာနသို့ တင်ပြခွင့်ပြုချက် ရယူရမည်။

၃၄။ ဦးစီးဌာနသည် ဥပဒေမပြဋ္ဌာန်းမီကပင်ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ပုံစံအမျိုးအစား၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိပါက ယင်းလုပ်ငန်းဆောင်ရွက်သူကို ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း ပြန်လည် ပြင်ဆင် ဆောင်ရွက်စေရမည်။

၃၅။ ကုမ္ပဏီတစ်ခုခုသည်ဦးစီးဌာနက တင်ဒါခေါ်ယူချိန်တွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး တင်ဒါအောင်မြင်ပါက ကျေးရွာရေရရှိရေးလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိသည်။

၃၆။ တင်ဒါရရှိသူလုပ်ငန်းရှင်သည် တင်ဒါစာချုပ်ပါ လုပ်ငန်းရပ်များ ဆောင်ရွက်ပြီးစီးပါက ယင်းလုပ်ငန်းရပ်အားလုံးကို ဦးစီးဌာနမှတစ်ဆင့် ကျေးရွာသောက်သုံးရေရရှိရေးကော်မတီသို့ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရမည်။

၃၇။ ဦးစီးဌာနသည် မြို့နယ်ဦးစီးဌာနနှင့် တင်ဒါရရှိသူ လုပ်ငန်းရှင်တို့က ဆောင်ရွက်ပြီးစီး၍ ကျေးရွာသောက်သုံးရေရရှိရေးကော်မတီသို့ နည်းဥပဒေ ၃၆ အရ အပ်နှံသည့် လုပ်ငန်းများမှ သောက်သုံးရေ ပေးဝေရာတွင် သတ်မှတ်ကာလအတွင်း အခကြေးငွေဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ ပေးဝေခွင့်ပြုနိုင်သည်။ လုပ်ငန်းရေရှည်လည်ပတ် ထိန်းသိမ်းနိုင်ရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေ ရရှိနိုင်ရန် ရေဖိုးရေခကောက်ခံမည်ဆိုပါက ကျေးရွာသောက်သုံးရေ ရရှိရေးကော်မတီကို ရေဖိုးရေခ ကောက်ခံခြင်း၊ သာမန် ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်နိုင်စေရန် တိကျစွာ တာဝန်ပေးအပ်ရမည်။

၃၈။ ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီသည် သတ်မှတ်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခွင့်ရှိသည်။

၃၉။ လုပ်ငန်းဆောင်ရွက်ခွင့်ရသူအားလုံးသည်-

(က) စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ရေထွက်နှုန်း သို့မဟုတ် ကျေးလက်ဒေသနေပြည်သူများ၏ သဘောဆန္ဒအရ လက်ခံသည့် ရေထွက်နှုန်း ရရှိသော်လည်း ရေအရည်အသွေးမပြည့်မီသည့်ပြင် မြေပြင်အခြေအနေအရ ဆက်လက်တူးဖော်ရန် မဖြစ်နိုင်ပါက ယင်းတွင်းကို စွန့်တွင်းအဖြစ် သတ်မှတ်နိုင်ရေးအတွက် ဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည်။

(ခ) ရေရရှိနိုင်မည့် အခြားနေရာ သို့မဟုတ် အခြားရေအရင်းအမြစ်ရှိပါက ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းအပေါ်မူတည်၍ ခန့်မှန်းခြေစာရင်း ရေးဆွဲပြီး ဦးစီးဌာနသို့ တင်ပြရန်၊ ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ရန်နှင့် ထွက်ရှိလာ

သောရေသည် အရည်အသွေးကောင်းမွန်ပြီး ရေထွက်နှုန်းပြည့်မီလျှင် ရေစင်၊ ရေကန်၊ ရေစက်ရုံတို့ကို သတ်မှတ်ပုံစံ၊ စံချိန်စံညွှန်းတို့နှင့်ညီညွတ်စေရန် ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) အိမ်သွယ်ရေတိုင်စနစ်ဖြင့်ဆောင်ရွက်သည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ရေမီတာတပ်ဆင်အသုံးပြုရန်၊ အများသုံးရေကန်များ ထည့်သွင်းရန်၊ မြေသားရေကန်တူးဖော်ရာတွင် ရေထိန်းနိုင်သော မြေလွှာဖြစ်ရန်နှင့် ရေဝင်လမ်းကြောင်းကောင်းမွန်စေရန်၊ စိမ့်စမ်းရေသွယ်လုပ်ငန်းတွင် ရေထွက်ပတ်ဝန်းကျင်ရှိ သစ်တောများ ထိန်းသိမ်းရန်တို့ကို စီမံဆောင်ရွက်ရမည်။

(ဃ) ရေပေးရေးစနစ်တွင်ပါဝင်သော ရေစက်ရုံ၊ ရေစင်၊ မြေစိုက်ရေစုကန်၊ လက်တူးတွင်း၊ မြေသားကန်၊ စိမ့်စမ်းရေတားတမံ၊ စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် အခြားလုပ်ငန်းများကို သတ်မှတ်ပုံစံ၊ အမျိုးအစား၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်။

(င) ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေစက်ရုံဝန်းအတွင်း ရေတွင်း၏တည်နေရာ (လတ္တီကျူ၊လောင်ဂျီကျူ)၊ အနက်ပေ၊ အရွယ်အစား၊ ပိုက်ချအနက်ပေ၊ ပိုက်အမျိုးအစား၊ ဇကာတည်နေရာနှင့် အတိုင်းအတာ၊ ရေနေအမြင့်၊ မြေလွှာ သဘာဝ၊ ရေထွက်နှုန်း စသည်တို့ပါဝင်သော လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း၊ ရေအရည်အသွေးစစ်ဆေးချက်မှတ်တမ်းနှင့် ရေစင်၊ ရေစက်ရုံ၊ ရေကန်၊ အင်ဂျင်၊ ဒိုင်နမို၊ ပန့်(Pump) ဆိုင်ရာ အချက်အလက် စသည့်မှတ်တမ်းများထားရှိရမည်။

(စ) လက်တူးတွင်း သို့မဟုတ် စက်ရေတွင်းတူးဖော်အောင်မြင်၍ ရေသုံးစွဲနိုင်ရေး ပန့်(Pump)တပ်ဆင်သည့် အချိန်၌ မြေအောက်ရေထုတ်ယူသုံးစွဲမှုကို သိရှိနိုင်ရန် ရေထုတ်ပိုက်တွင် ရေမီတာတပ်ဆင်ရမည်။

၄၀။ ဦးစီးဌာနသည် ကျေးလက်ဒေသသောက်သုံးရေ အရင်းအမြစ်များ၏ ရေအရည်အသွေးကို မြန်မာနိုင်ငံသောက်သုံးရေ အရည်အသွေး စံသတ်မှတ်ချက်များဖြင့် တိုင်းတာစစ်ဆေးကာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိဟုယူဆပါက ရေပေးဝေခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားခြင်း၊ ပိတ်ပင်တားမြစ်ခြင်း၊ သောက်ရန် သို့မဟုတ် သုံးရန်မသင့်ဟု တိကျစွာညွှန်ကြားခြင်းပြုရမည်။ သင့်လျော်သော နည်းလမ်းဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရမည်။

၄၁။ ဦးစီးဌာနသည်သောက်သုံးရေရှားပါးသည့်ဒေသတွင် ဆောင်ရွက်သည့် သောက်သုံးရေရရှိရေးလုပ်ငန်းများမှ ထွက်ရှိသောရေသည် သတ်မှတ်ရေ အရည်အသွေး မပြည့်မီသော်လည်း ကျေးလက်ဒေသနေပြည်သူများက တောင်းဆိုတင်ပြလာပါက သောက်ရေအဖြစ် အသုံးမပြုစေဘဲ အန္တရာယ်မရှိနိုင်လျှင် သုံးရေအဖြစ်သာ သုံးစွဲရန် စိစစ်၍ ခွင့်ချက်အဖြစ် ယာယီခွင့်ပြုနိုင်သည်။ အကယ်၍ ယင်း ရေရရှိရေးလုပ်ငန်းသည် ပုဂ္ဂလိကရေပေးရေး လုပ်ငန်းရှင်မှ ဆောင်ရွက်သည့် လုပ်ငန်းဖြစ်

ပါက ဦးစီးဌာနသည် ရေဖိုးရေခ ကောက်ခံခွင့်ပြုရန် သင့် မသင့်နှင့် ကောက်ခံခွင့်ပြုမည်ဆိုပါက ဆောင်ရွက်သည့်လုပ်ငန်းရှင်၊ ကျေးရွာသောက်သုံးရေရရှိရေးကော်မတီ၊ ရေသုံးစွဲသူပြည်သူများနှင့် ညှိနှိုင်း၍ နှုန်းထားသတ်မှတ်ပေးနိုင်သည်။

၄၂။ မည်သူမဆို အောက်ပါတားမြစ်ချက်တို့ကို ဖောက်ဖျက်ကျူးလွန်ပါက ပျက်စီးဆုံးရှုံးမှု ရှိခဲ့လျှင် ယင်းပျက်စီးဆုံးရှုံးမှု၏တန်ဖိုးကို ပေးလျော်ရမည့်ပြင် ဥပဒေအရ အရေးယူခြင်းခံရမည်-

(က) မည်သူမျှ ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်း၏ ရေအရင်းအမြစ်ဒေသတွင်လည်းကောင်း၊ ရေဖြန့်ဝေမှုလုပ်ငန်းအဆင့်ဆင့်တွင်လည်းကောင်း ရေကို ညစ်ညမ်းစေမှု၊ လူနှင့်သက်ရှိတို့အား အန္တရာယ်ဖြစ်စေမည့် ဓာတုဆေးရည်၊ ဆေးမှုန့်၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည်များ ရေတွင်ပျော်ဝင်စေမှုကို ဖြစ်စေနိုင်သည့် ဆောင်ရွက်ချက်တစ်စုံတစ်ရာမပြုလုပ်ရ။

(ခ) ပြုပြင်ထိန်းသိမ်းခြင်းနှင့် လိုအပ်ချက်အရ မြို့နယ်ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်းမှအပ မည်သူမျှ ကျေးရွာသောက်သုံးရေရရှိရေး လုပ်ငန်းရပ်တွင် ပါဝင်သည့် ရေကန်၊ ရေစင်၊ ရေစက်၊ ရေပိုက်လိုင်း၊ ရေပိုက်ခေါင်း၊ ရေဘားစသည့် ပစ္စည်းတစ်စုံတစ်ရာအား ထိခိုက်ပျက်စီးအောင် ပြုမူခြင်း၊ ဖျက်စီးခြင်း၊ ပျက်စီးစေခြင်း မပြုလုပ်ရ။

(ဂ) ဦးစီးဌာန၊ ကျေးရွာသောက်သုံးရေရရှိရေးကော်မတီနှင့် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ခွင့်ရလုပ်ငန်းရှင်တို့၏ ခွင့်ပြုချက်မရှိဘဲ ရေဖြန့်ဝေလိုင်းမှ ရေကိုပိုက်ဖြင့်သွယ်၍လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ရယူခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

## အခန်း(၆)

## ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ

၄၃။ ဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အိမ်တွင်းလေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် လျော့နည်းသက်သာစေရေး၊ လေဝင်လေထွက်ကောင်းမွန်ပြီး အလင်းရောင်လုံလောက်စွာရရှိသည့် နေအိမ်အဆောက်အအုံများ ဆောက်လုပ်နေထိုင်သော အလေ့အကျင့်များ ရရှိနိုင်ရေး၊ စွန့်ပစ်အမှိုက်များစီမံခန့်ခွဲရေးတို့အတွက် အသိပညာပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကျေးလက်ဒေသနေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၄၄။ မြို့နယ်ဦးစီးဌာနသည်-

(က) ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးမှူးအပါအဝင် အဖွဲ့ဝင် ငါးဦးအောက် မနည်း မဂဏန်းဖြင့် နည်းဥပဒေ ၁၀၀ နှင့်အညီ ဖွဲ့စည်းရမည်။

(ခ) ယင်းကော်မတီဖွဲ့စည်းရာတွင် ကျေးလက်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများရှိပါက ထည့်သွင်းဖွဲ့စည်းရမည်။

(ဂ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသော ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄၅။ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကျေးရွာအတွင်းရှိ လူငယ်များ၊ ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ရန်၊

(ခ) စနစ်တကျ စီမံထားသည့် အမှိုက်စုဆောင်းရန်နေရာ၊ စွန့်ပစ်ရမည့် နေရာသတ်မှတ်ရန်၊

(ဂ) အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်စေရေး၊ အထူးသဖြင့် ပလတ်စတစ်အမှိုက်များအား သီးခြားစွန့်ပစ်စေရေးအတွက် ပညာပေးစည်းရုံးရန်၊

(ဃ) ပလတ်စတစ်များကို သန့်စင်သိမ်းဆည်းထားရှိပြီး ရောင်းချရန် သို့မဟုတ် ပြန်လည်အသုံးပြုရန်၊ ရောင်းချ၍လည်းမရနိုင် သို့မဟုတ် အသုံးပြု၍လည်းမရနိုင်ပါက စနစ်တကျ စွန့်ပစ်ရန်၊

(င) အမှိုက်သိမ်းဆည်းမည့် အစီအစဉ်နှင့် နည်းလမ်းများ သတ်မှတ်ဆောင်ရွက်ရန်၊

(စ) အမှိုက်များကို ပြန်လည်အသုံးပြုမည့် အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများမဖြစ်ပေါ်စေရန်လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ တားမြစ်သတိပေးဆိုင်းဘုတ်များ စိုက်ထူရန်၊

(ဇ) လူနှင့်တိရစ္ဆာန်တို့ကို ရောဂါကူးစက်ဖြစ်ပွားစေနိုင်သည့် ပိုးမွှားများ၊ ကြွက်၊ ပိုးဟပ်၊ ခြင်၊ယင်စသည်များပေါက်ပွားခိုအောင်းနိုင်သည့်အဆောက်အအုံ ဟောင်းများ၊ ပစ္စည်းဟောင်းများနှင့် အမှိုက်ပုံများမရှိစေရေးအတွက် ဆောင်ရွက်ရန်၊

(ဈ) ရေသိုလှောင်ထားသော ရေကန်၊ ပုံး၊ ခွက်၊ ပန်းအိုး စသည်တို့တွင် ပိုးလောက်လမ်း၊ ခြင် စသည်တို့ မပေါက်ပွားစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ရန်၊

(ည) နေအိမ်ဝင်းခြံများအတွင်းဖြစ်စေ၊ ကျေးရွာအတွင်းဖြစ်စေ ရေဝပ်ခြင်းမဖြစ်ပေါ်စေရန် ရေစီးရေလာကောင်းမွန်သော ရေမြောင်းများ ဖော်ထုတ်ရန်နှင့် ထိန်းသိမ်းရန်၊

(ဋ) တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်ရန်၊ အိမ်တွင်းလေထုညစ်ညမ်းမှုကာကွယ်ရေး အသိပညာများ ဖြန့်ဝေရန်နှင့် စည်းရုံးဆောင်ရွက်ရန်၊

(ဌ) ခြံနွယ်ပိတ်ပေါင်းများမရှိစေရေးအတွက် ခုတ်ထွင်ရှင်းလင်းရန်နှင့် ထွက်ပေါ်လာသည့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရေးအတွက် ဦးစီးဆောင်ရွက်ရန်၊

(ဍ) ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေးနှင့် ကောင်းမွန်သောမိလ္လာစနစ် ကျင့်သုံးရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲစေရေးတို့အတွက် စည်းရုံးဆောင်ရွက်ရန်၊

(ဎ) ပတ်ဝန်းကျင်တွင် ကျင်ကြီး၊ ကျင်ငယ်စွန့်ခြင်း အလေ့အထကို ရှောင်ကြဉ်စေရေး ပညာပေးရန်၊

(ဏ) အထက်ပါအချက်များနှင့်စပ်လျဉ်း၍ ရှောင်ကြဉ်ရန်နှင့် လိုက်နာရန် စည်းကမ်းချက်များ သတ်မှတ်ပြီး မြို့နယ်ဦးစီးဌာနသို့ တင်ပြအတည်ပြုချက် ရယူကြေညာရန်၊

(တ) ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအတွက် လိုအပ်သော ရန်ပုံငွေရရှိရေး ကိုကျေးလက်ဒေသနေပြည်သူများအား စည်းရုံးဆောင်ရွက်ရန်နှင့် ရန်ပုံငွေ သုံးစွဲမှုများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြရန်၊

(ထ) ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်ပါကမြို့နယ်ဦးစီးဌာနသို့ တင်ပြအကူအညီရယူကာသက်ဆိုင်ရာ အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၄၆။ ဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများ အနေဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာ လုပ်ငန်းများ ပိုမိုကောင်းမွန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စံပြမိသားစု (Smart Family) နှင့် စံပြကျေးရွာ(Smart Village)များ ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်နိုင်ရန် စံနှုန်းများအား ဗဟို ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်နိုင်သည်။

## အခန်း(၇)

## ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း

၄၇။ ဦးစီးဌာနသည် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်ရန် စီမံကိန်းဧရိယာ ရွေးချယ်ပြီး လုပ်ငန်းစတင်ချိန်မှစ၍ အနည်းဆုံး ၁၀ နှစ်အတွင်း မဟာဓာတ်အားလိုင်း ရောက်ရှိ နိုင်ခြင်းရှိ မရှိ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လျာထား ကျေးရွာစာရင်း သို့မဟုတ် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်လျာထားစာရင်းတွင် ပါဝင်ခြင်း ရှိ မရှိ စိစစ်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၈။ ဦးစီးဌာနသည် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် ညှိနှိုင်းကောက်ယူ စုဆောင်း ရမည်။

၄၉။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး လုပ်ငန်းဆောင်ရွက်လိုသူ သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိလိုသူ သည် ဦးစီးဌာနကဆောင်ရွက်သည့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းတွင် ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်၍ လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည်။

၅၀။ ဦးစီးဌာနသည်-

(က) ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ခုနစ်ဦး အောက်မနည်း မဂဏန်းဖြင့် နည်းဥပဒေ ၁၀၀ နှင့်အညီ ဖွဲ့စည်း ရမည်။

(ခ) ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ၏ အောက်တွင် ဘဏ္ဍာရေးဆပ်ကော်မတီကို အဖွဲ့ဝင် သုံး ဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅၁။ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်-

(က) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသော စီမံကိန်းနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များကို ကျေးရွာသူ၊ ကျေးရွာသားများအား ပြန်လည် ရှင်းလင်းခြင်း၊

(ခ) လျှပ်စစ်မီးရယူသုံးစွဲမည့် အိမ်ထောင်စုစာရင်းများ ပြုစုပေးခြင်း၊

(ဂ) လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းရှင်များနှင့် ရပ်ရွာကိုယ်စား ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) ပြည်သူထည့်ဝင်ငွေကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ် သို့မဟုတ် ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် စာရင်းရှင် ဖွင့်လှစ်အပ်နှံခြင်း၊

(င) စီမံကိန်းဖြင့်ဆောင်ရွက်သော အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အား စနစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်မှုကို ဦးစီးဌာနသို့တင်ပြ ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(စ) လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆိုင်ရာဆက်စပ်ပစ္စည်းများ ချို့ယွင်းပျက်စီးမှုဖြစ်ပေါ်ပါက ဦးစီးဌာနသို့လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်သူသို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်ခြင်း။

၅၂။ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပအကူအညီဖြင့် ဖြစ်စေ ဆောင်ရွက်သည့် လုပ်ငန်းများ၏ ပြင်ဆင်ထိန်းသိမ်းစရိတ် ကာမိစေရန် ခတ်အားခနှုန်းထားကို ကျေးလက်ဒေသနေပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းပြီး သဘောတူညီချက်ရယူကာ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

၅၃။ အသေးစားခတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်လိုသူသည် -

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် စီမံကိန်းကျေးရွာများတွင် ဆောင်ရွက်မည်ဆိုပါက တင်ဒါ သို့မဟုတ် အဆိုပြုလွှာ ခေါ်ယူချိန်တွင် လျှောက်ထားရမည်။

(ခ) ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် ကျေးရွာရွေးချယ်ပြီး ဆောင်ရွက်မည်ဆိုပါက ဦးစီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အဆိုပြုလွှာတင်သွင်း လျှောက်ထားရမည်။

(ဂ) အသေးစားခတ်အားစနစ်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံငွေနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထားသည့် ပုံစံဖြင့်သော်လည်းကောင်း၊ လုပ်ငန်းရှင်မှ ၁၀၀% ထည့်ဝင်ခြင်းသော်လည်းကောင်း၊ အခြားသောငွေကြေးထည့်ဝင်မှု အချိုးကျပုံစံဖြင့် သော်လည်းကောင်း ဆောင်ရွက်ရမည်။

(ဃ) အသေးစားခတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းလည်ပတ်ခြင်းအတွက် ဦးစီးဌာန၏ အသေးစား ခတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၄။ အသေးစားခတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်သူသည် လျှပ်စစ်မီးကြိုးလိုင်းများသွယ်တန်းရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) လူနှင့်ယာဉ်များ သွားလာမှုကို ထိခိုက်ခြင်း မရှိစေရ။ ရေစီးရေလာတို့နှင့် လွတ်ကင်းစေရမည်။

(ခ) နေအိမ်ဝန်းခြံများအတွင်း ဖြတ်သန်းသွယ်တန်းခြင်း၊ လယ်ယာစိုက်ပျိုးမြေများတွင် ဖြတ်သန်းသွယ်တန်းခြင်းမရှိစေရ။ အကယ်၍ မလွှဲမရှောင်သာ ဖြတ်သန်းရမည်ဆိုပါက မြို့နယ်ဦးစီးဌာနသို့ တင်ပြပြီး မြို့နယ်ဦးစီးဌာန၊ သက်ဆိုင်ရာမြေပိုင်ရှင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅၅။ အသေးစားခတ်အား စနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်သူသည် လျှပ်စစ်ခတ်အားခကို ဦးစီးဌာနနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ညှိနှိုင်းသတ်မှတ်ရာတွင် အောက်ပါအချက်များကို လိုက်နာရမည်-

(က) အသေးစားခတ်အား စနစ်ဖြင့် မီးလင်းရေး လုပ်ငန်းဆောင်ရွက်သူ၏ရင်းနှီးမြှုပ်နှံငွေ၊ လုပ်ငန်းဆောင်ရွက်ခွင့်ကာလ၊ အရင်းပြန်ရ ကာလအပေါ် မူတည် တွက်ချက်ပြီး ခတ်အားခ သတ်မှတ်ကောက်ခံရန်၊

(ခ) ခတ်အားခကောက်ခံရာတွင် လျှပ်စစ်မီးရယူသုံးစွဲသူ ပြည်သူများနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ၏ သဘောတူညီချက်၊ ဦးစီးဌာန၏ ခွင့်ပြုချက်တို့ ရရှိပြီးမှသာ နှုန်းထားအတည်ပြုသတ်မှတ်ရန်။

၅၆။ အသေးစားခတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်သူသည် ဥပဒေပုဒ်မ ၂၃ အရ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းမပြုမီ လျှပ်စစ်သုံးစွဲသူပြည်သူများကို သုံးစွဲနည်းနှင့် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးသင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၅၇။ ဦးစီးဌာနသည် အသေးစားခတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်သည့် စီမံကိန်းကျေးရွာများသို့ မဟာခတ်အားလိုင်းရောက်ရှိလာပါက အသေးစားခတ်အား စနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်သူများ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်စေရန် အောက်ဖော်ပြပါ နည်းလမ်းနှစ်မျိုးဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်သည်-

(က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ မဟာခတ်အားလိုင်းသို့ ခတ်အားပြန်လည် ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) ဦးစီးဌာန၊ အသေးစားခတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်သူနှင့် လျှပ်စစ်သုံးစွဲသူပြည်သူများညှိနှိုင်း၍ သဘောတူညီချက်ဖြင့် ခတ်အားထုတ်လုပ်ရေးလုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ရွှေ့ပြောင်းဆောင်ရွက်စေခြင်း။

၅၈။ အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်သူသည် စာချုပ်ပါအာမခံကာလအတွင်း အသုံးပြုသူ၏ အမှားကြောင့်မဟုတ်ဘဲ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ချို့ယွင်းပျက်စီးပါက အခမဲ့ ပြုပြင်ပေးခြင်း သို့မဟုတ် အသစ်လဲလှယ်ပေးခြင်းကို ဆောင်ရွက်ပေးရမည်။

၅၉။ အိမ်သုံးဆိုလာစနစ်ဖြင့် ဆောင်ရွက်သည့် မီးလင်းရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်စေရန် ပြုပြင်ထိန်းသိမ်းခြင်းကို အသုံးပြုသူက လည်းကောင်း၊ လမ်းမီးတိုင်များရေရှည်တည်တံ့ခိုင်မြဲရေးကို ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီ ကလည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်။ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေး အဆောက်အအုံတို့တွင် တပ်ဆင်ထားသည့် အများသုံးဆိုလာစနစ်များ ရေရှည်အသုံးပြုနိုင်စေရန် ပြုပြင်ထိန်းသိမ်းခြင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက တာဝန်ယူ

ဆောင်ရွက်ရမည်။ စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်းကို အိမ်သုံးဆိုလာစနစ်မီးလင်းရေး လုပ်ငန်းဆောင်ရွက်သူက သင်ကြားပို့ချပေးရမည်။

၆၀။ လုပ်ငန်းဆောင်ရွက်သူအားလုံးသည် ကျေးရွာလျှပ်စစ်မီးရရှိရေးလုပ်ငန်းကို နည်းပညာဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ရမည့်ပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနက သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၆၁။ လုပ်ငန်းဆောင်ရွက်သူအားလုံးသည်–

(က) ခွင့်ပြုချက်ရရှိထားသောလုပ်ငန်းတွင် မပါရှိသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုရ။

(ခ) ခွင့်ပြုချက်ရရှိထားသောလုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းတည်ရှိရာမြေကိုဖြစ်စေ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းလွှဲပြောင်းခြင်း မပြုရ။

၆၂။ ဦးစီးဌာနသည် လုပ်ငန်းဆောင်ရွက်သူအားလုံးအနေဖြင့် လုပ်ငန်းအပ်နှံသည့် စာချုပ်ပါ သတ်မှတ်ချက်များကို လိုက်နာမှုမရှိပါက လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီရပ်ဆိုင်းခြင်း၊ လုပ်ငန်းဆောင်ရွက်ခွင့်ကိုပယ်ဖျက်ခြင်းနှင့် အမည်ပျက်စာရင်းကြေညာခြင်းတို့ ဆောင်ရွက်နိုင်သည်။

၆၃။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် သုံးစွဲသူသည် မိမိ၏ ပေါ့ဆစွာ ဆောင်ရွက်မှုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပွားပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၆၄။ မည်သူမျှ–

(က) စီမံကိန်းလုပ်ငန်းကို အကြောင်းပြု၍ ငွေကြေးဆိုင်ရာ အရှုပ်အရှင်းကိစ္စရပ်များ ဖန်တီးခြင်း၊ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အခကြေးငွေကောက်ခံခြင်းများ မပြုလုပ်ရ။

(ခ) ဓာတ်အားကို ခိုးယူသုံးစွဲခြင်း မပြုရ။

## အခန်း(၈)

## ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်း

၆၅။ ဥပဒေပုဒ်မ ၂၈ အရ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် ကျေးလက်အိမ်ရာများကို လက်ခံရရှိသော သတ်မှတ်ထားသည့် အဖွဲ့သည် စည်းကမ်းများထုတ်ပြန်၍ အိမ်ရာနေထိုင်မည့်သူသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။

၆၆။ အိမ်ရာနေထိုင်မည့်သူသည် ယင်းဒေသတွင် လက်ရှိနေထိုင်သည့် ဒေသခံဖြစ်ရမည့်ပြင် ယင်းအိမ်ရာကို တစ်ဆင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရ။ လိုက်နာမှုမရှိပါက ဥပဒေပုဒ်မ ၄၁ အရ အရေးယူခံရမည့်ပြင် အိမ်ရာကိုလည်း ပြန်လည် သိမ်းဆည်း ခြင်းခံရမည်။

၆၇။ အိမ်ရာတွင်နေထိုင်သူသည် လွှဲပြောင်းပေးအပ်ပြီးသော အိမ်ရာအဆောက်အအုံကို ပျက်စီးမှု မရှိစေရန် ထိန်းသိမ်းရမည့်ပြင် ပျက်စီးပါက မိမိစရိတ်ဖြင့် တာဝန်ယူပြင်ဆင်ရမည်။

## အခန်း(၉)

## အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးခြင်းလုပ်ငန်း

၆၈။ ဥပဒေပုဒ်မ ၅(င)နှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်မှုကော်မတီသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း သို့မဟုတ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စသည်ဖြင့် စီမံကိန်းအမည်များ သတ်မှတ်ခြင်း နှင့် စီမံကိန်းပုံစံ(Design)ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) အရင်းမပျောက်မတည်ရန်ပုံငွေဆိုင်ရာ ညွှန်ကြားချက် ပြုစုထုတ်ပြန်ခြင်း၊

(ဂ) အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးခြင်းလုပ်ငန်းဆောင်ရွက်မည့် ကျေးရွာများ ရွေးချယ်ရာတွင် အခြေခံမူများ သတ်မှတ်ပေးခြင်း၊

(ဃ) နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ(က)အရ ဦးစီးဌာနက အဆိုပြုတင်ပြသည့် အရင်းမပျောက် မတည်ရန်ပုံငွေထူထောင်ပေးမည့် ကျေးရွာများအတွက် ရန်ပုံငွေများ ခွဲဝေချထား ပေးခြင်း၊

(င) နည်းဥပဒေခွဲ(ခ)ပါ ထုတ်ပြန်ချက်များအား လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် အရင်း မပျောက်မတည်ရန်ပုံငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြန်လည် သိမ်းယူခြင်းအပေါ် စိစစ်အတည်ပြုခြင်း၊ ကျေးရွာပြောင်းလဲ ဆောင်ရွက်ခွင့်ပြုခြင်း၊

(စ) စီမံခန့်ခွဲအုပ်ချုပ်မှု၊ ဘဏ္ဍာရေးနှင့်နည်းပညာဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးခြင်း၊

(ဆ) ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် နည်းပညာအကြံဉာဏ်နှင့် အထောက်အပံ့များ ရရှိနိုင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စစ်တမ်းကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကွင်းဆင်းစစ်ဆေးသုံးသပ်အကဲဖြတ်ခြင်း၊ တိုင်ကြားချက်များအား စစ်ဆေးစေခြင်းနှင့် အရင်းမပျောက်မတည်ရန်ပုံငွေနှင့်စပ်လျဉ်း၍ အဆင့်ဆင့်တင်ပြလာသော အစီရင်ခံစာများ အပေါ် သုံးသပ်၊ လမ်းညွှန်မှုများပြုလုပ်ခြင်း၊

(ဈ) တရားစွဲဆိုသည့်ကာလအတွင်း ဖြစ်ပေါ်မည့် အတိုးငွေများရပ်ဆိုင်းခြင်း၊ ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းကိစ္စရပ်များကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ရန် ညွှန်ကြားခြင်း၊

(ည) နှစ်စဉ်မတည်ရန်ပုံငွေဆောင်ရွက်ချက်များအပေါ် သက်ဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲများ ကျင်းပ၍ ရရှိလာသော အကြံပြုဖော်ထုတ်ချက်များကို လမ်းညွှန်ချက်အဖြစ် ထုတ်ပြန်ခြင်း၊

(ဋ) ဘေးအန္တရာယ်အမျိုးမျိုးကြောင့် စီမံကိန်းကျေးရွာများတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအခြေအနေအပေါ် စိစစ်၍ အတိုးငွေများကို ကင်းလွတ်ခွင့်ပြုခြင်းနှင့် အရင်းငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလတိုးမြှင့်ပေးခြင်း၊

(ဌ) ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ဖြစ်ပေါ်ခဲ့သည့် အရင်းအတိုး ပြန်လည်ပေးဆပ်ရမည့် ကြွေးကျန်များ၊ တရားဥပဒေအရ အရေးယူအပြစ်ပေးခံရသော ငွေချေးယူသူများ၏ ကြွေးကျန်များကို သက်ဆိုင်ရာ ကြီးကြပ်မှု ကော်မတီမှအထောက်အထား ခိုင်လုံစွာဖြင့် တင်ပြလာပါက ရန်ပုံငွေကြွေးကျန်များအား စာရင်းမှ ပယ်ဖျက်ခြင်းကို ဆောင်ရွက်ခြင်း။

၆၉။ ကြီးကြပ်မှုကော်မတီသည် ဗဟိုကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်း တာဝန်များကိုဆောင်ရွက်ရမည်-

(က) ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအဆင့်တွင် ကြုံတွေ့ရသော အရင်းမပျောက် မတည်ရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ခ) အရင်းမပျောက်မတည်ရန်ပုံငွေမှ တိုးပွားလာသော အတိုးရငွေဖြင့် ကျေးရွာများက ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား စိစစ်ခွင့်ပြုခြင်း၊

(ဂ) ကွင်းဆင်းစစ်ဆေး သုံးသပ်အကဲဖြတ်ခြင်း၊ တိုင်ကြားချက်များအား စစ်ဆေးခြင်းနှင့် အရင်းမပျောက်မတည်ရန်ပုံငွေ လုပ်ငန်းအဖွဲ့များ၏ အစီရင်ခံစာများအပေါ် သုံးသပ်ခြင်း၊ လမ်းညွှန်မှုများပြုလုပ်ခြင်းနှင့် အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြခြင်း၊

၇၀။ ဦးစီးဌာနသည် ဗဟိုကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးမည့် ကျေးရွာရွေးချယ်ရေး လုပ်ငန်းစဉ်များ အပေါ် ကြီးကြပ်ကွပ်ကဲ၍ အဆိုပြုကျေးရွာများကို ဗဟိုကြီးကြပ်မှုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ခ) ဗဟိုကြီးကြပ်မှုကော်မတီ၏ ထုတ်ပြန်ချက်နှင့်အညီ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့် ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ဂ) ဗဟိုကြီးကြပ်မှုကော်မတီက ပေးအပ်လာသော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၇၁။ ဦးစီးဌာနသည်-

(က) အရင်းမပျောက်မတည်ရန်ပုံငွေခရိုင်လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ခရိုင်ဦးစီးမှူး (ဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာဦးစီးဌာနများမှခရိုင်ဦးစီးမှူးများ | အဖွဲ့ဝင်များ |
| (၃) | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | သင့်လျော်သည့်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး | အတွင်းရေးမှူး |

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇၂။ အရင်းမပျောက်မတည်ရန်ပုံငွေခရိုင်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရင်းမပျောက်မတည်ရန်ပုံငွေ မြို့နယ်လုပ်ငန်းအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ခ) မြို့နယ်နှင့် ကျေးရွာအဆင့်တွင် ကြုံတွေ့ရသော အရင်းမပျောက်မတည်ရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ ကူညီ ပံ့ပိုးပေးခြင်း၊

(ဂ) သက်ဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် အရင်းမပျောက်မတည်ရန်ပုံငွေ မြို့နယ်လုပ်ငန်းအဖွဲ့များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ကွင်းဆင်းစစ်ဆေးသုံးသပ်အကဲဖြတ်ခြင်း၊ တိုင်ကြားချက်များကို စစ်ဆေးခြင်းနှင့် အရင်းမပျောက်မတည်ရန်ပုံငွေ မြို့နယ်လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများအပေါ် သုံးသပ်ခြင်း၊လမ်းညွှန်မှုများပြုလုပ်ခြင်းနှင့်သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

( င ) ခရိုင်အတွင်းရှိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေစာရင်းထိန်းသိမ်းမှု သင်တန်းများ ဖွင့်လှစ်နိုင်ရန် ကြီးကြပ်ခြင်း၊

( စ ) ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ပေးအပ်လာသည့် အခြားလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း။

၇၃။ ဦးစီးဌာနသည် –

(က) အရင်းမပျောက်မတည်ရန်ပုံငွေ မြို့နယ်လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (၁) | မြို့နယ်ဦးစီးမှူး (ဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာနများမှ မြို့နယ်ဦးစီးမှူးများ | အဖွဲ့ဝင်များ |
| (၃) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | မြို့နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဥပဒေရုံးမှကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၆) | သင့်လျော်သည့် ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး | အတွင်းရေးမှူး |

( ခ ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇၄။ အရင်းမပျောက်မတည်ရန်ပုံငွေ မြို့နယ်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကျေးရွာအိမ်ခြေပေါ်မူတည်၍ အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့ကို ကျေးရွာတစ်ရွာနှင့်အထက်ပေါင်းစပ် ဖွဲ့စည်းရပါက ပွင့်လင်းမြင်သာစွာဖြင့် စီမံခန့်ခွဲကြီးကြပ်နိုင်ရေး၊ သာတူညီမျှမှုရှိစေရေး၊ လုပ်ငန်းအဖွဲ့ဝင်အရေအတွက် မျှတစွာဖွဲ့စည်းနိုင်ရေးနှင့် မတည်ရန်ပုံငွေကို မျှတစွာခွဲဝေနိုင်ရေးသတ်မှတ်၍ ဦးစီးဌာနသို့ တင်ပြခြင်း၊

(ခ) မြို့နယ်ဦးစီးဌာနဝန်ထမ်းများနှင့် အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များကို စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေစာရင်းထိန်းသိမ်းမှုသင်တန်းများ ပို့ချခြင်း၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပေါင်းစပ်၍ စီမံကိန်းကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းများပို့ချခြင်း၊

(ဂ) အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း အကောင်အထည်ဖော် မည့်ကျေးရွာများတွင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းခြင်း၊ အရင်းမပျောက် မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခြင်း၊ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း၊ အစားထိုးရွေးချယ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ ယင်းဖွဲ့စည်း သတ်မှတ်မှုများကို ရုံးအမိန့်ဖြင့်ထုတ်ပြန်ခြင်း၊

(ဃ) သက်ဆိုင်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် မတည်ရန်ပုံငွေစာရင်းရှင်တစ်ရပ် ဖွင့်လှစ်ထား ရှိပြီး သက်ဆိုင်ရာ ကျေးရွာမတည်ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းပေးခြင်း၊ အရင်း မပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့နှင့် စာချုပ်ချုပ်ဆိုခြင်း၊

(င) အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းသည့် အကြိမ်တိုင်း မြို့နယ်နှင့် အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့တို့ ချုပ်ဆိုသည့် အရင်းမပျောက် မတည်ရန်ပုံငွေ ပေးအပ်မှုသဘောတူစာချုပ်ကို အသစ် ပြန်လည်ချုပ်ဆိုခြင်း၊

(စ) အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့က အရင်းမပျောက်မတည် ရန်ပုံငွေကို ငွေချေးယူသုံးစွဲသူများသို့ ထုတ်ချေးစေခြင်းနှင့် အတိုးနှုန်းသတ်မှတ်ပေးခြင်း များကို စိစစ်ကြီးကြပ်ခြင်း၊

(ဆ) မြို့နယ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်သည့် ကျေးရွာများ၏ လမ်းပန်းဆက် သွယ်ရေး၊ လုံခြုံရေးတို့ကို ထည့်သွင်းစဉ်းစားပြီး ကျေးရွာတစ်ရွာချင်းအလိုက် အတိုးနှင့် အရင်းပေးသွင်းခြင်းဆိုင်ရာ စည်းကမ်းများ စိစစ်သတ်မှတ်ပေးခြင်း ၊

(ဇ) တင်ပြလာသည့်ချေးငွေအဆိုပြုလွှာများအပေါ် ငွေချေးပေးမည့်အစီအစဉ်များကို စိစစ် အတည်ပြုခြင်း၊ ကွင်းဆင်းစစ်ဆေးကြီးကြပ်ခြင်း၊

(ဈ) အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့၏ လစဉ်ရငွေပေးငွေ အသုံး စရိတ်များကို ဘဏ်ရှင်းတမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး လချုပ်စာရင်းပြုစု၍ ခရိုင် လုပ်ငန်းအဖွဲ့သို့ တင်ပြခြင်း၊

(ည) မြို့နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သော အဖွဲ့အစည်းများ ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဋ ) တိုင်ကြားချက်များကို စစ်ဆေးဖြေရှင်းပေးခြင်းနှင့် အဆင့်ဆင့်တင်ပြခြင်း၊

( ဌ ) အရင်းမပျောက်မတည်ရန်ပုံငွေ အရင်းအတိုး ပုံမှန်ပြန်လည် ပေးဆပ်ခြင်းမရှိသဖြင့် ကြွေးကျန် ဖြစ်ပေါ်နေသော ကျေးရွာများကို ရန်ပုံငွေ အရင်း အတိုး အားလုံးပေးသွင်းပြီးမှသာ ပြန်လည်ထုတ်ချေးခွင့်ပြုခြင်း၊

( ဍ ) အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို မြို့နယ်အဆင့်ဆန်းစစ်သုံးသပ်မှုများ နှစ်စဉ်ပြုလုပ်ခြင်း၊

( ဎ ) အရင်းမပျောက်မတည်ရန်ပုံငွေမှ တိုးပွားလာသော အတိုးရငွေဖြင့် ကျေးရွာများက ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိစစ်တင်ပြခြင်း၊

(ဏ) ဘေးအန္တရာယ် ကျရောက်ခဲ့သည့် ကျေးရွာများ၏ ရန်ပုံငွေလည်ပတ်မှုအခြေအနေ၊ ငွေချေးယူခဲ့သူများ၏ လုပ်ငန်းပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး တင်ပြခြင်း၊

(တ) ငွေချေးယူသုံးစွဲသူ၏ အရင်းအတိုး ငွေများပေးဆပ်ရန် ပျက်ကွက်မှုအတွက် အရင်း မပျောက်မတည်ရန်ပုံငွေကျေးရွာလုပ်ငန်းအဖွဲ့မှ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရာတွင် တရားစွဲဆိုသည့် ကုန်ကျစရိတ်များကို အုပ်ချုပ်မှု အသုံးစရိတ်မှ ကျခံသုံးစွဲခွင့်ပြုခြင်း၊ လုံလောက်မှုမရှိပါက ကုန်ကျစရိတ် ကျခံသုံးစွဲနိုင်မည့် အစီအမံများကို ဆက်လက်တင်ပြဆောင်ရွက်ခြင်း၊

(ထ) အရင်းအတိုးငွေများ ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ဥပဒေနှင့်အညီ တရားစွဲဆိုခံရသည့် ငွေချေးယူသူများအပေါ် တရားစွဲဆိုသည့် ကာလမှစ၍ အတိုးသတ်မှတ်မှု မပြုခြင်း၊

( ဒ ) ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ပေးအပ်လာသည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၇၅။ အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးမည့် ကျေးရွာများရွေးချယ်ရာတွင် မြို့နယ် ဦးစီးမှူးက ဦးဆောင်၍ သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေး ရွေးချယ်ပြီး ကြီးကြပ်မှုကော်မတီသို့ အဆင့်ဆင့်တင်ပြ၍ အတည်ပြုချက်ရယူ ရမည်။

၇၆။ ဦးစီးဌာနသည်-

(က) အရင်းမပျောက်မတည်ရန်ပုံငွေကျေးရွာလုပ်ငန်းအဖွဲ့ကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အပါအဝင် မြို့နယ်ဦးစီးဌာနက ရွေးချယ်တင်ပြသူ ငါးဦး အောက်မနည်း ၁၁ဦး ထက်မပိုစေဘဲ မဂဏန်းဖြင့်နည်းဥပဒေ ၁၀၀ နှင့်အညီ ဖွဲ့စည်းရမည်။

( ခ ) လုပ်ငန်းအဖွဲ့ဝင်အားလုံးကို ကျေးရွာပြည်သူလူထုဆန္ဒအရ ရွေးချယ်ရမည်။

( ဂ ) အရင်းမပျောက်မတည်ရန်ပုံငွေကျေးရွာလုပ်ငန်းအဖွဲ့ဝင်သုံးဦးဖြင့် ကျေးရွာဘဏ္ဍာရေး ဆပ်ကော်မတီဖွဲ့စည်းရမည်။

(ဃ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့နှင့် နည်းဥပဒေခွဲ(ဂ)အရ ဖွဲ့စည်းသော ဆပ်ကော်မတီတို့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇၇။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် ကျေးရွာတာဝန်ခံသည် အရင်းမပျောက်မတည်ရန်ပုံငွေကျေးရွာ လုပ်ငန်းအဖွဲ့တွင် ပါဝင်ရွေးချယ်ခံနိုင်သည်။ ယင်းပုဂ္ဂိုလ်သည် ရွေးချယ်ခံလိုခြင်း မရှိပါက သို့မဟုတ် ရွေးချယ်ခံရခြင်းမရှိပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနှင့်အညီ မတည်ရန်ပုံငွေဆိုင်ရာ အကြံဉာဏ်ပေးရန်၊ အခက်အခဲများ ဖြေရှင်းပေးရန်နှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းပေးရန် နာယကအဖြစ် ဆောင်ရွက်ရမည်။

၇၈။ အရင်းမပျောက်မတည်ရန်ပုံငွေ မြို့နယ်လုပ်ငန်းအဖွဲ့သည် အရင်းမပျောက်မတည်ရန်ပုံငွေကျေးရွာလုပ်ငန်းအဖွဲ့နှင့် ကျေးရွာဘဏ္ဍာရေးဆပ်ကော်မတီတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရေးဆွဲပြီး ဦးစီးဌာနသို့ တင်ပြရမည် ။

၇၉။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါတို့အတွက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်-

(က) လုပ်ငန်းဆောင်ရွက်သော ကျေးရွာတွင် ဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပေါ်ပေါက်ပါက ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ခြင်း၊

( ခ ) လုပ်ငန်းမှရရှိလာသောအတိုးငွေဖြင့် မတည်ရန်ပုံငွေတိုးပွားလာစေရန်ဆောင်ရွက်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း ၊

( ဂ ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၈၀။ မြို့နယ်ဦးစီးဌာနသည်နည်းဥပဒေ၇၉အရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်တို့ကို ကျေးရွာလုံးကျွတ်အစည်းအဝေးများတွင် ရှင်းလင်းဆွေးနွေးခြင်း၊ ကျေးလက်ဒေသနေပြည်သူများ သိရှိနိုင်စေရန် အခြားသင့်လျော်ရာ နည်းလမ်းဖြင့် ကြေညာခြင်းတို့ ပြုရမည်။

## အခန်း (၁၀)

## ကျေးလက်ဒေသကုန်ထုတ်လမ်းနှင့် တံတားများ၊ ကျေးရွာတွင်းလမ်းနှင့် တံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း

၈၁။ ဦးစီးဌာနသည် ကျေးလက်ဒေသ ကုန်ထုတ်လမ်းနှင့်တံတားများ၊ ကျေးရွာတွင်းလမ်းနှင့် တံတားများနှင့်စပ်လျဉ်း၍အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော ကျေးလက်ဒေသ ကုန်ထုတ်လမ်းနှင့်တံတားများအတွက် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲခြင်းနှင့် တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း ၊

(ခ) လူထုအခြေပြုစီမံကိန်းများအရ ပြည်သူလူထုကိုယ်တိုင် ရွေးချယ်ဆုံးဖြတ် ဆောင်ရွက်ခွင့်ရှိသည့် ကျေးရွာတွင်းလမ်းနှင့် တံတားတည်ဆောက် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဂ) နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်သော ဘက်စုံစီမံကိန်းများတွင် ပါဝင်သည့် ကျေးရွာချင်းဆက် လမ်းနှင့်တံတား တည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်းအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၈၂။ ဦးစီးဌာနသည် ကုန်ထုတ်လမ်းနှင့် တံတားအကောင်အထည်ဖော်ရေးအတွက် မြို့နယ်အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၈၃။ ကုန်ထုတ်လမ်းနှင့် တံတားအကောင်အထည်ဖော်ရေး မြို့နယ်အထောက်အကူပြု လုပ်ငန်းအဖွဲ့သည် လျာထားကုန်ထုတ်လမ်းနှင့် တံတားများ၏ ဖြစ်နိုင်စွမ်းလေ့လာမှု အစီရင်ခံစာ (Feasibility Study Report)ကို ပြုစု၍ ဦးစီးဌာနသို့ တင်ပြရမည်။

၈၄။ မြို့နယ်ဦးစီးဌာနသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ ဖြစ်နိုင်စွမ်းလေ့လာမှု အစီရင်ခံစာကိုအခြေခံပြီး ဦးစားပေးလုပ်ငန်းများရွေးချယ်၍ သက်ဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တင်ပြရမည်။

၈၅။ သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီသည် မြို့နယ်ဦးစီးဌာနမှ တင်ပြလာသော ဦးစားပေးလုပ်ငန်းများကို စိစစ်ရွေးချယ်အတည်ပြု၍ ဗဟိုကြီးကြပ်မှုကော်မတီသို့ ပေးပို့ရမည်။

၈၆။ ကျေးလက်ဒေသကုန်ထုတ်လမ်းနှင့် တံတားများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေး ထည့်သွင်းဆောင်ရွက်ရမည်။

၈၇။ မြို့နယ်ဦးစီးဌာနသည် နိုင်ငံတကာအကူအညီဖြင့်ဆောင်ရွက်သော ဘက်စုံစီမံကိန်းများတွင် ပါဝင်သည့် ကျေးရွာချင်းဆက်လမ်းနှင့် တံတားများဆောင်ရွက်ရပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပေါင်းစပ် ညှိနှိုင်း၍ နည်းဥပဒေ ၈၃ မှ ၈၆ ထိတွင် ဖော်ပြထားသည့် ကုန်ထုတ်လမ်းနှင့်တံတားများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီး လုပ်ငန်းပြီးစီးပါက သက်ဆိုင်ရာအစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းများသို့လွှဲပြောင်း ပေးအပ်ရမည်။

၈၈။ မြို့နယ်ဦးစီးဌာနသည် -

(က) ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းနှင့်တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျေးရွာအဆင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေး ဦးစီးဌာနသို့ တင်ပြရမည်။

( ခ ) မိမိ ကြီးကြပ်ဆောက်လုပ်သော ကုန်ထုတ်လမ်းများပေါ်ရှိ တံတားများ အလိုက် ခွင့်ပြုခံနိုင်ဝန်အား သတ်မှတ်၍ ခံနိုင်ဝန်ကျော်လွန်မောင်းနှင်ခွင့်မရှိသည့် တန်ချိန်ပါ ယာဉ်များကို တံတားကျော်ဖြတ်ခြင်းမှ တားဆီးရန် သက်ဆိုင်ရာကျေးရွာအဆင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ကို ကြီးကြပ်စေရမည်။

( ဂ ) လုပ်ငန်းဆောင်ရွက်သောကျေးရွာတွင်ဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ ပျက်စီးဆုံးရှုံးမှုများ ပေါ်ပေါက်ပါက ဖြေရှင်းဆောင်ရွက်နိုင်ရန် ပျက်စီးဆုံးရှုံးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး စာရင်းကောက်ယူပြီး သက်ဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တင်ပြရမည်။

## အခန်း ( ၁၁ )

## လူထုအခြေပြုစနစ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း

၈၉။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်နေသော အခြေခံ အဆောက်အအုံများဖြစ်သည့် ကျေးရွာစာသင်ကျောင်းများ၊ လူထုနားနေဆောင်၊ စာကြည့်တိုက်၊ ကျေးလက်ဆေးပေးခန်း၊ ကျေးရွာခန်းမနှင့် ကျေးလက်ဈေးများ၊ ကျေးရွာတွင်းလမ်းတံတားများ၊ မြေထိန်းနံရံများ၊ ရေနုတ်မြောင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် တည်ဆောက်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစီးဌာနက ကြီးကြပ်၍ ပြည်တွင်းပြည်ပ လှူဒါန်းငွေများဖြင့် ကျေးလက်ဒေသနေပြည်သူလူထုက ဆောင်ရွက်နိုင်သည်။

၉၀။ ဦးစီးဌာနသည် လူထုအခြေပြုစနစ်အရ ပြည်သူလူထု ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ် ဆောင်ရွက် နိုင်ရန်လိုအပ်သော လူထုအခြေပြုကျေးရွာလုပ်ငန်းအဖွဲ့များကို နည်းဥပဒေ ၁၀၀ နှင့်အညီ ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။ ယင်းအဖွဲ့တွင် ကျား မ အချိုးညီမျှစွာ ပါဝင်စေရေးအတွက် အလေးထား ဆောင်ရွက်ရမည်။

၉၁။ လူထုအခြေပြုကျေးရွာလုပ်ငန်းအဖွဲ့ ဦးဆောင်သော ကျေးလက်ဒေသနေ ပြည်သူလူထုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက် လျှင် အောက်ပါအချက်များကို လိုက်နာရမည်-

(က) ပထဝီဝင်မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် အဆောက်အအုံပုံစံ ရေးဆွဲ ဆောင်ရွက်ရန်၊

( ခ ) လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး သက်ဆိုင်ရာဌာနများက သတ်မှတ်ထားသော အဆောက်အအုံပုံစံ၊ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်၊

(ဂ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံကျွမ်းကျင် လုပ်သားများကို ဦးစားပေးရွေးချယ် ငှားရမ်းရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်သည့်အခြေအနေများကို တတ်နိုင်သမျှ ရှောင်ရှားရန်နှင့် ထိခိုက်မှုကို လျှော့ချနိုင်သည့် နည်းလမ်းများ ထည့်သွင်းဆောင်ရွက်ရန်၊

(င) လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုအတွက် လုပ်ငန်းစာရင်းဇယားများ၊ ငွေစာရင်းရှင်းတမ်းများကို လူထုအခြေပြုကျေးရွာလုပ်ငန်းအဖွဲ့က စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တိုင်းကို ကျေးရွာလူထုသို့ ပွင့်လင်းမြင်သာစွာချပြ ရှင်းလင်းရန်၊

(စ) တည်ဆောက်ရေးလုပ်ငန်းများ မဆောင်ရွက်မီ လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ကို စနစ်တကျဖွဲ့စည်းရန် ၊ အဆိုပါအဖွဲ့သည် တည်ဆောက်ပြီးလုပ်ငန်းများကိုရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ပြုပြင် ထိန်းသိမ်းရေးအစီအစဉ်များ စနစ်တကျရေးဆွဲရန်၊

(ဆ) လုပ်ငန်းဆောင်ရွက်သောကျေးရွာတွင်ဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ ပျက်စီးဆုံးရှုံးမှုများပေါ်ပေါက်ပါက ဖြေရှင်းဆောင်ရွက်နိုင်ရန်၊ ပျက်စီးဆုံးရှုံးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးစာရင်း ကောက်ယူပြီး မြို့နယ်ဦးစီးဌာနသို့ တင်ပြရန်၊

(ဇ) ပြည်သူလူထုကိုယ်တိုင်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသား ၊ အမျိုးသမီးများကို တူညီသော လုပ်အားအတွက် တူညီသော လုပ်အားခပေးချေရန်။

## အခန်း (၁၂)

## တည်ဆောက်ရေးနှင့်ဝယ်ယူရေးလုပ်ငန်း

၉၂။ ဦးစီးဌာနသည် တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

၉၃။ ဦးစီးဌာနသို့မဟုတ် လုပ်ငန်းအဖွဲ့များသည် တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ သတ်မှတ်ထားသော အခွန်များပေးဆောင်ရမည်။

၉၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဦးစီးဌာနများသည် တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတကာ အကူအညီ အထောက်အပံ့များဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကများ၏

အကူအညီနှင့်ဒေသခံပြည်သူလူထု ထည့်ဝင်ငွေများ ပါဝင်ဆောင်ရွက်မှုဖြင့် ဖြစ်စေ ဦးစီးဌာနအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများအတွက် ဦးစီးဌာန၏ ဝယ်ယူရေးလုပ်ထုံးလုပ်နည်း ဆိုင်ရာခွင့်ပြုချက်ရယူရန်၊

( ခ ) လုပ်ငန်းအကောင်အထည်ဖော်ရေးအစီအစဉ်၊ နှစ်အလိုက်ဘဏ္ဍာငွေလျာထားမှု၊ သုံးစွဲမှု စီမံချက်တို့နှင့်ကိုက်ညီမှုရှိစေရေးအတွက် ဝယ်ယူရေးအစီအစဉ်များကို စနစ်တကျ ရေးဆွဲရန်၊

( ဂ ) လုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်လုပ်ထုံး လုပ်နည်းများနှင့်အညီဆောင်ရွက်ရန်၊

(ဃ) တင်ဒါရွေးချယ်မှု မအောင်မြင်ပါက ဦးစီးဌာနကစုဖွဲ့ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီထံ တင်ပြခွင့်ပြုချက် တောင်းခံရန်၊

( င ) ဦးစီးဌာနက စုဖွဲ့ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းများကို ဦးစီးဌာန၏ ဝယ်ယူရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ရန်။

၉၅။ (က) ကျေးလက်ဒေသနေပြည်သူများသည် ကျေးရွာအဆင့်တည်ဆောက်ရေးနှင့်ဝယ်ယူရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အောက်ပါအချက်များကို လိုက်နာရမည်-

(၁) မြို့နယ်ဦးစီးဌာန၏ နည်းပညာအထောက်ပံ့ရယူ၍ ကျေးလက်ဒေသနေပြည်သူများက တာဝန်ယူဆောင်ရွက်ခြင်း၊

(၂) လုံလောက်သည့် ကျွမ်းကျင်မှု၊ စိတ်အားထက်သန်မှု၊ တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှုရှိခြင်း၊ တိုင်ကြားမှုတို့ကို ဖြေရှင်းပေးနိုင်ရေးအတွက် စာရင်းစစ်ဆေးခံနိုင်သည့် စာရွက်စာတမ်း၊ အထောက်အထားများကို စနစ်တကျပြုစု ထိန်းသိမ်းခြင်း။

( ခ ) နည်းဥပဒေခွဲ(က)ပါ လုပ်ငန်းစဉ်တွင် မြို့နယ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ဆန္ဒနှင့်အညီ လုပ်အား သို့မဟုတ် ငွေကြေးတို့ကို ပူးပေါင်းထည့်ဝင်နိုင်သည်။

၉၆။ ကျေးလက်ဒေသနေပြည်သူများသည် ကျေးရွာအဆင့် တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းများဝယ်ယူခြင်း၊ ကျေးလက်ဒေသနေပြည်သူများ ကိုယ်တိုင်ဆောင်ရွက်နိုင်မှုမရှိသည့် နည်းပညာနှင့် ကျွမ်းကျင် လုပ်သားစုများ ငှားရမ်းခြင်းတို့ကို ဝယ်ယူရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းပြုရမည်။

**အခန်း( ၁၃ )**

## ဘဏ္ဍာရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်း

၉၇။ ဝန်ကြီးဌာနနှင့်ဦးစီးဌာနသည်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက်ခွင့်ပြု ဘဏ္ဍာရန်ပုံငွေများကို အောက်ပါဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်သောဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံးရန်နှင့်အခါအား လျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) အသုံးစရိတ်တစ်ရပ်သုံးစွဲတိုင်း ငွေတောင်းခံလွှာ၊ အသုံးစရိတ်ပြေစာနှင့် လိုအပ်ပါက အခွန်ပေးဆောင်မှု ပြေစာပါရှိစေခြင်း ၊

(ဂ) စီမံကိန်းများအလိုက်ထားရှိသော ငွေစာရင်းပုံစံများ ပြုစုထိန်းသိမ်းပြီး လချုပ်စာရင်း ၊ သုံးလပတ်စာရင်း၊ နှစ်ချုပ်စာရင်းများ ပြုစုထိန်းသိမ်းခြင်း ၊

(ဃ) စီမံကိန်းများအလိုက် လုပ်ငန်းအကောင်အထည်ဖော်ရေး လက်စွဲပြုစုပြီး ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ စီမံခန့်ခွဲခြင်း ၊

(င) သုံးငွေလျာထားမှုများ ထုတ်ယူသုံးစွဲရာတွင် သုံးလပတ်အလိုက် ငွေသားစီမံချက် ရေးဆွဲခြင်း၊

(စ) ငွေသားစီမံချက်ကို သုံးလပတ်အလိုက် အနီးစပ်ဆုံး ခန့်မှန်းရေးဆွဲရန်နှင့် ငွေသား စီမံချက်နှင့် ငွေထုတ်ကန့်သတ်ချက်ကို ချိတ်ဆက်ခြင်း၊

(ဆ) ပြည်ပအကူအညီဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် စာရင်းဇယား၊ လချုပ်၊ နှစ်ချုပ်စာရင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဇ) ဦးစီးဌာနသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာန များ၏ ရသုံးမှန်းခြေ ငွေစာရင်းများရေးဆွဲရေးကိစ္စရပ်များ၊ ဖြည့်စွက်ရန်ပုံငွေ ကိစ္စရပ်များ၊ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲရေးကိစ္စရပ်များကို စိစစ်ခြင်း၊

(ဈ) ဦးစီးဌာနသည် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ နောက်ဆက်တွဲ ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေ တောင်းခံခြင်း၊ ပိုလျှံငွေအပ်နှံခြင်းတို့ကို တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ နှင့်အညီ လိုက်နာခြင်း။

၉၈။ ဦးစီးဌာနသည်-

(က ) ပြည်တွင်း သို့မဟုတ် ပြည်ပအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ ၊လှူဒါန်းငွေနှင့် ချေးငွေ တို့ဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများအတွက် ရငွေ ပေးငွေ ရှင်းတမ်းများကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အခြားစာရင်းရှင်(Other Account)များဖွင့်လှစ်ခြင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ၎င်းအခြားစာရင်းရှင် (Other Account)များကို ပိတ်သိမ်းခြင်းတို့အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဂ) ချေးငွေ၊ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေကူညီသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဘဏ္ဍာငွေ သဘောတူညီမှု (Financing Agreement)အရ ပြည်ပ ချေးငွေ၊ လှူဒါန်းငွေနှင့်ထောက်ပံ့ငွေတို့ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများကို ပြင်ပစာရင်းစစ်အဖွဲ့ (External Audit) ငှားရမ်းဆောင်ရွက်ရန် လိုအပ်ပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

၉၉။ ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့အစည်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စာရင်းစစ်ဆေးခြင်း ခံယူရာတွင် ဦးစီးဌာနလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများအလိုက် ထားရှိသော ငွေစာရင်းပုံစံများ၊ အသုံးစရိတ်ပြေစာများနှင့် နှစ်ချုပ်စာရင်းများ ပြုစုထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာစာရင်းစစ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

## အခန်း( ၁၄ )

## ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ရန်ပုံငွေသုံးစွဲခြင်း၊ အဖွဲ့သက်တမ်းနှင့် တာဝန်လွှဲပြောင်းထမ်းဆောင်ခြင်း

၁၀၀။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရန် ကျေးရွာအဆင့် လုပ်ငန်းအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသော ၊ ကျန်းမာရေး ကောင်းမွန်သော၊ စိတ်အား ထက်သန်မှုရှိသောအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့တွင် ကျား မ အချိုးမျှတစွာ ပါဝင်စေရေးအတွက် အလေးထား ဆောင်ရွက်ရမည်။

၁၀၁။ ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် မိမိပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဖွဲ့အစည်းမှ ကောက်ခံရငွေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ရန် ထုတ်ပေးထားငွေကို မိမိလက်ဝယ်တွင် ကိုင်တွယ်ခွင့်ပြုသည့် အတိုင်းအတာအထိသာ ကိုင်တွယ်ထားရှိရမည်။ ကျန်ငွေအားလုံးကို သက်ဆိုင်ရာ ဘဏ်ငွေစာရင်းရှင်တွင် အပ်နှံရမည်။ ယင်းငွေကို မိမိကိုယ်ကျိုးအတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးဦး၏ အကျိုးအတွက်သော်လည်းကောင်း သုံးစွဲခြင်း မပြုရ။

၁၀၂။ အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်အရ ငွေချေးယူသုံးစွဲသူများသို့ ရန်ပုံငွေချေးငှားခြင်းမှအပ ရန်ပုံငွေကို အတိုးအပွားရရှိနိုင်ရန် အတိုးဖြင့် ချေးငှားခြင်း၊ သို့မဟုတ် အတိုးမဲ့ချေးငှားခြင်း ၊ အခြားသူတစ်ဦးသို့ လွှဲပြောင်းအပ်နှံခြင်း မပြုရ။ မိမိဆောင်ရွက်သည့် လုပ်ငန်းအတွက် ခွင့်ပြုငွေကို သတ်မှတ်ထားသော စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၁၀၃။ နည်းဥပဒေ ၁၀၀ အရ ဖွဲ့စည်းသည့် ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့အစည်း၏ တာဝန်ထမ်းဆောင်ခွင့် သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ သုံးနှစ်ဖြစ်သည်။ ဦးစီးဌာနသည် မူလကျေးရွာအဆင့်လုပ်ငန်းအဖွဲ့၏ တာဝန်ထမ်းဆောင်မှု သက်တမ်းသုံး နှစ်ပြည့်သည့်အချိန်တွင် လုပ်ငန်းများ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန် ကျေးရွာအဆင့် လုပ်ငန်းအဖွဲ့အသစ်ကို ဖွဲ့စည်းပေးရမည်။ မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များကြောင့် မူလကျေးရွာအဆင့် လုပ်ငန်းအဖွဲ့ကို ဆက်လက်တာဝန်ပေးအပ်ရန် လိုအပ်ပါက ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ယာယီတာဝန် ပေးအပ်နိုင်သည်။ အကယ်၍ ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့ကို တည်ဆောက်ပြုပြင်ရေးလုပ်ငန်း သို့မဟုတ် အချိန်ကာလတိုအတွင်း ပြီးစီးနိုင်သည့်လုပ်ငန်းအတွက်ဖွဲ့စည်းခြင်းဖြစ်ပါကတာဝန် ထမ်းဆောင်ချိန် သုံးနှစ်မပြည့်သော်လည်း ထိုလုပ်ငန်း ပြီးဆုံး၍ စာရင်းရှင်းလင်း ထုတ်ပြန်ပြီးသည့်နေ့သည် ယင်းအဖွဲ့၏ တာဝန်ထမ်းဆောင်မှု သက်တမ်းပြည့်သည့်နေ့ ဖြစ်သည်။

၁၀၄။ ဦးစီးဌာနသည် ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့အစည်းအဟောင်းမှ အဖွဲ့အစည်းအသစ်သို့ လုပ်ငန်းလွှဲပြောင်း ပေးအပ်မှုအတွက် လုပ်ငန်းလွှဲပြောင်းချိန် ကာလသတ်မှတ်ပေးရမည်။ ထို့ပြင် လွှဲပြောင်းပေးအပ်မှုအတွက်ပုံစံများ၊စာရင်းဇယားများနှင့် နည်းစနစ်များကို ညွှန်ကြားချက် ထုတ်ပြန်သတ်မှတ်ရမည်။

၁၀၅။ ကျေးရွာအဆင့် လုပ်ငန်းအဖွဲ့အစည်းအဟောင်းသည် သတ်မှတ်ချိန်အတွင်းဦးစီးဌာန၏ ညွှန်ကြား ချက်နှင့်အညီ လုပ်ငန်းအဖွဲ့အစည်းအသစ်သို့ မိမိကိုင်တွယ်ထိန်းသိမ်းထားသည့် ငွေကြေး၊ ပစ္စည်း၊ စာရင်းဇယားများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မှတ်တမ်းများ၊ အစီရင်ခံစာများ စသည်တို့ကို လွှဲပြောင်းပေးအပ်ခြင်း၊ အဖွဲ့အသစ်မှ စနစ်တကျလက်ခံခြင်း ပြုရမည်။

## အခန်း ( ၁၅ )

## တရားစွဲဆိုခြင်း

၁၀၆။ ဥပဒေပုဒ်မ ၃၁ အရ ဆောင်ရွက်ရာတွင် အရင်းမပျောက်မတည်ရန်ပုံငွေ ကျေးရွာလုပ်ငန်းအဖွဲ့သည် တရားစွဲဆိုနိုင်ရန် လုပ်ငန်း အဖွဲ့ဝင်တစ်ဦးဦးကို အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်တာဝန်ပေးအပ်ကာ တရားစွဲဆိုရန် ယင်းလုပ်ငန်းအဖွဲ့က လွှဲအပ်တာဝန်ပေးကြောင်းစာနှင့်အတူ တရားရုံးတွင် တရားစွဲဆိုရမည်။

၁၀၇။ ဥပဒေပုဒ်မ ၃၂ အရ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် လုပ်ငန်းအဖွဲ့သည် တရားစွဲဆိုနိုင်ရန် လုပ်ငန်း အဖွဲ့ဝင်တစ်ဦးဦးကို အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ရွေးချယ်တာဝန်ပေးအပ်ကာ တရားစွဲဆိုရန် ယင်းလုပ်ငန်းအဖွဲ့က လွှဲအပ်တာဝန် ပေးကြောင်း စာနှင့်အတူ တရားရုံးတွင် တရားစွဲဆို ရမည်။

၁၀၈။ ဥပဒေပုဒ်မ ၄၆ အရ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးဌာနသည် တရားစွဲဆိုနိုင်ရန် လုပ်ငန်း အဖွဲ့ဝင်တစ်ဦးဦးကို အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်တာဝန်ပေးအပ်ကာ တရားစွဲဆိုရန် ယင်းလုပ်ငန်းအဖွဲ့က လွှဲအပ်တာဝန်ပေးကြောင်း စာနှင့်အတူ တရားစွဲဆိုရမည်။

၁၀၉။ နည်းဥပဒေ ၁၀၆၊ ၁၀၇နှင့် ၁၀၈ တို့အရ တရားစွဲဆိုခံရသူသည် ပြစ်မှုကျူးလွန်ကြောင်း တရားရုံးက အမိန့်ချမှတ်၍ ပြစ်ဒဏ်ကျခံနေရသော်လည်း ထိုသူတွင် ငွေကြေး သို့မဟုတ် ပစ္စည်း ပိုင်ဆိုင်မှုရှိနေပြီး ယင်းအမှုသည် ၁၉၅၁ ခုနှစ် ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေ၏ ဇယားဝင် ပြစ်မှုတွင် အကျုံးဝင်ပါက သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးက ထိုသူပိုင်ပစ္စည်းကို ဝရမ်းကပ်နိုင်ရေး အတွက် မြို့နယ်ဦးစီးမှူးသည် ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်။

၁၁၀။ နည်းဥပဒေ ၁၀၉ အရ တင်ပြသည်ကို ပြည်ထောင်စုဝန်ကြီးကသဘောတူခွင့်ပြုလျှင် မြို့နယ် ဦးစီမှူးသည် ၁၉၅၁ခုနှစ် ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၃) တို့နှင့် အညီ သက်ဆိုင်ရာခရိုင် အုပ်ချုပ်ရေးမှူးထံ လျှောက်လွှာတင်ရမည်။

၁၁၁။ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့တွင် ဖော်ပြထားသော ပြစ်မှုတစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို အရေးယူရန် လိုအပ်ပါက ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းကြီးကြပ် ဆောင်ရွက်နေသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ လုပ်ငန်း အဖွဲ့ သို့မဟုတ် ဦးစီးဌာနမှ တာဝန်ပေးအပ်သူက ရဲစခန်းသို့ သတင်းပေးပို့ တိုင်ကြား ရမည်။

(ခ) ဥပဒေပုဒ်မ ၄၁ ကို ဖောက်ဖျက်ကျူးလွန်သူ သို့မဟုတ် လိုက်နာရန် ပျက်ကွက်သူ အား အရေးယူရန် လိုအပ်ပါက ဦးစီးဌာနမှ တာဝန်ပေးအပ်သူက သက်ဆိုင်ရာ ရဲစခန်းသို့ သတင်းပေးပို့ တိုင်ကြားရမည်။

## အခန်း ( ၁၆ )

## အထွေထွေ

၁၁၂။ ဦးစီးဌာနသည် ဤဥပဒေ မထုတ်ပြန်မီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကဏ္ဍအလိုက် လိုက်နာကျင့်သုံးလျက်ရှိသည့် ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက် များ၊ လက်စွဲစာအုပ်၊စာစောင်များကို ဥပဒေ ၊ ဤနည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ လိုက်နာ ကျင့်သုံးနိုင်သည်။

၁၁၃။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများအတွက် ထောက်ပံ့သည့် ငွေကြေးနှင့် ပစ္စည်းများကို အလွဲသုံးစားမှုမဖြစ်စေရန် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန် ကြီးကြပ်ရမည်။

၁၁၄။ ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြေအသုံးချခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်သည့်ပုဂ္ဂိုလ် ၊ အစိုးရဌာန ၊ အဖွဲ့အစည်းတို့ကို အောက်ပါ ကိစ္စရပ်များတွင် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်–

(က) မြေယာလှူဒါန်းမှု၊ သိမ်းဆည်းမှု၊ အခြားနည်းသုံးစွဲခွင့် လျှောက်ထားမှုတို့တွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင်ကျေးရွာအမည်သို့မဟုတ် စီမံကိန်းအမည်ဖြင့် လျှောက်ထားခြင်း။

၁၁၅။ ဦးစီးဌာနသည်ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်သော မြေနေရာဖြစ်မှသာ သက်ဆိုင်သည့် ပုဂ္ဂိုလ် ၊ အဖွဲ့အစည်းကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုရမည် ။

၁၁၆။ ဦးစီးဌာနသည် စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်အကဲဖြတ်ရေးဆိုင်ရာ သတ်မှတ်ထားသော ညွှန်းကိန်းများဖြင့်တိုင်းတာ၍ ရရှိလာသည့်အချက်အလက်များကို သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ဖြင့် ချိတ်ဆက်၍ အချက်အလက်မြေပုံများ ထုတ်လုပ်ခြင်း၊ အင်တာနက်ဝက်ဆိုဒ် (Internet Website )များတွင် အများပြည်သူများ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၁၇။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဦးစီးဌာနကဆောင်ရွက်သည့် လုပ်ငန်းဖြစ်လျှင် ဦးစီးဌာနသည်လည်းကောင်း ၊ အခြားပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့ အစည်းက ဆောင်ရွက်သည့် လုပ်ငန်းဖြစ်လျှင် ထိုပုဂ္ဂိုလ်အဖွဲ့အစည်းသည် ဦးစီးဌာနမှတစ်ဆင့် လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ကျေးရွာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ရမည်။

လှမိုး
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန